# UNDP မှ ပံ့ပိုးကူညီပေးသော အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲအား နိုင်ငံတော်သမ္မတ တက်ရောက်ဖွင့်လှစ်ပေးခြင်း

[နေပြည်တော် - မေလ ၂၃ရက် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်လာဖို့ဆိုရင် ပြည်သူ့အကျိုးပြုဆောင်ရွက်ပေးနေတဲ့ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတွေဟာ ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ခံမှု ရှိရပါမယ်။ ဒါ့အပြင် ဒီအုပ်ချုပ်ရေးယန္တရားကို လည်ပတ်ပေးနေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း စွမ်းဆောင်ရည်ပြည့်ဝတဲ့ ဝန်ထမ်းများ ဖြစ်အောင် မြှင့်တင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေခြင်းဟာ နိုင်ငံရဲ့ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ပိုမိုအကျိုးဖြစ်ထွန်းစေလိမ့်မယ်လို့လည်း ကျွန်တော်တို့ ယုံကြည်ပါတယ်။] ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန်မှ ပြောကြားခဲ့ပါသည်။

နေပြည်တော်တွင် ယနေ့ စတင်ကျင်းပသော မြန်မာနိုင်ငံ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင် ရေးဆွဲရေး အကြံပြုအလုပ်ရုံ ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတမှ အဖွင့်မိန့်ခွန်းပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုသည် အဓိကကျပြီး ရေရှည်ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတို့အတွက်လည်း အလွန်အရေးကြီးပါသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲတွင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများအား အခြေခံသော အချက်လေးချက်ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး၊ ဗဟိုဦးစီးစနစ် လျှော့ချခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိခြင်းဆိုင်ရာ ကိစ္စရပ်များအား အဓိကထား ဆွေးနွေးသွားမည်ဖြစ်ပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲသည် အုပ်ချုပ်ရေးပြုပြင် ပြောင်းလဲမှုအတွက် ပြည့်စုံသော မူဘောင်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် ပထမဆုံးအုတ်မြစ်တစ်ခု ဖြစ်လာပါလိမ့်မည်။ ထိုမူဘောင် သည် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများအတွက် မဟာဗျူဟာကျသော လမ်းညွှန်အစီအစဉ်တစ်ခုဖြစ်လာပြီး ကာလတို၊ ကာလလတ်နှင့် ကာလရှည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား သတ်မှတ်ဖော်ထုတ်ပေးပါလိမ့်မည်။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများအား ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် ညှိနှိုင်းမှုကော်မတီမှ ကြီးကြပ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

[“နိုင်ငံတကာ အတွေ့အကြုံများအရလည်း အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု တစ်ရပ်ကို ဖော်ဆောင်တဲ့နေရာမှာ ကာလတိုအတွင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်တာမျိုး မဟုတ်ဘဲ တစ်ဆင့်ပြီး တစ်ဆင့်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အချိန်ကာလတစ်ခုအထိ ကြာမြင့်တာကိုလည်း လေ့လာတွေ့ရှိနိုင်ပါတယ်] ဟု ဦးလှထွန်းက ပြောကြားခဲ့ပါသည်။

“အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများတွင် ရုံးလုပ်ငန်း၊ လုပ်ထုံးလုပ်နည်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းသည် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်မှာ မှန်သော်လည်း ထိုမျှလောက်နှင့် မပြီးသေးပါ။ ထိုပြုပြင်ပြောင်းလဲမှုများတွင် အရေးအကြီးဆုံးမှာ ဆုံးဖြတ်ချက်များကို မည်သူချမှတ်ရမည်နည်း၊ မည်သူ့ထံတွင် အရင်းအမြစ်များ ရှိမည်နည်း၊ မည်သူ့ထံတွင် လုပ်ပိုင်ခွင့်အာဏာ ရှိမည်နည်းဟူသော အချက်များပင်ဖြစ်ပါသည်။ ထို့ကြောင့် ထိုပြုပြင်ပြောင်းလဲမှုများသည် ပြည်သူတို့၏ နေ့စဉ်ဘဝအား တိုးတက်ကောင်းမွန်စေရုံမျှသာ မဟုတ်ပါ။ မြန်မာနိုင်ငံ၏ ကူးပြောင်းမှုကာလတွင် ကြုံတွေ့ရသော အကြီးမားဆုံးသော စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက်လည်း ဖြစ်ပါသည်” ဟု ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ Country Director မစ္စတာတို့ပြုင်လာကာဘာနော့ဗ်က ပြောကြားခဲ့ပါသည်။

နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သော ထိုအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတလွှားမှ ပါဝင်တက်ရောက်သူပေါင်း ၃၅၀ခန့် ရှိပြီး ထိုအထဲ တွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တရားလွှတ်တော်ချုပ်အဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များ၊ မီဒီယာနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များ၊ နိုင်ငံတကာကျွမ်းကျင်သူများ ပါဝင်တက်ရောက်ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲအား UNDP ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံအစိုးရမှ စီစဉ်ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး DANIDA၊ ဖင်လန်၊ ဆွီဒင်နှင့်  UKAid တို့မှ ရန်ပုံငွေများ ထောက်ပံ့ခဲ့ကြပါသည်။